# ကရင်ပြည်နယ်လွှတ်တော်

## ကရင်ပြည်နယ်ယစ်မျိုးခွန်ဥပဒေ

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်

မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | နိဒါန်း | | ၁ | - |
| ၂ | **အခန်း (၁)** | အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ | ၃ |
| ၃ | **အခန်း (၂)** | ရည်ရွယ်ချက်များ | ၃ | - |
| ၄ | **အခန်း (၃)** | ယစ်မျိုးခွန်နှုန်းထားများသတ်မှတ်ခြင်း | ၃ | ၇ |
| ၅ | **အခန်း (၄)** | အထွေထွေ | ၈ | - |

# ကရင်ပြည်နယ်ယစ်မျိုးခွန်ဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃ ။)
## ၁၃၇၄ခုနှစ်၊ တပေါင်းလဆုတ် ၃ ရက်
## (၂၀၁၃ခုနှစ်၊ မတ်လ ၂၉ ရက်)

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကရင်ပြည်နယ်အတွင်း ယစ်မျိုးခွန်များ စနစ်တကျကောက်ခံနိုင်ရေးအတွက် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကရင်ပြည်နယ်ယစ်မျိုးခွန်ဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ကရင်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ ကရင်ပြည်နယ်ကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်၊

(ဃ) **ပြည်နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကိုဆိုသည်၊

(င) **ခရိုင်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးကို ဆိုသည်၊

(စ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်နယ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်၊

(ဆ) **ယစ်မျိုးခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်ကောက်ခံရမည့် သတ်မှတ်သော အခွန်အခများကို ဆိုသည်၊

(ဓ) **အရက်** (Alcoholic Liquor) ဆိုသည်မှာ အရက်ပြန်ပမာဏ ၂ ရာခိုင်နှုန်းထက်ပိုမိုပါဝင်သည့် **အရည်**များကိုလည်းကောင်း၊ တဆေး ကဖော်ဖြင့် ဖောက်ထားခြင်းမရှိသော ထန်းရည်ကို လည်းကောင်း၊ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် အရက်ဟုသတ်မှတ်သည့် အရာများကို လည်းကောင်းဆိုသည်၊

(ဈ) **ဘီယာ** (Beer) ဆိုသည်မှာ **(Ale.Stout.Porter)** ခေါ် ဗျစ်ရည်၊ မုယောစပါးဖြင့် ကဖော် ဖောက်ထားသောတည်ရည်နှင့် မုယောစပါးမှ ကဖော်ဖြင့် ပြင်ဆင်ထုတ်လုပ် သည့် အရက်များအပြင် အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် အရက်များကိုဆိုသည်၊

(ည) **ပြည်တွင်းဖိုထွက်ချက်အရက်** (Country Spirit) ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ ရရှိသည့် **အရက်**ပြန်ပါဝင်သော မည်သည့်အရက်မျိုးမဆို ပါဝင်သည်၊

(ဋ) **ထန်းရည်** (Tari)ဆိုသည်မှာ ကဖော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့် အပင်တစ်မျိုးမျိုးမှထွက်သော အရည်ကို ဆိုသည်၊

(ဌ) **တည်အရက်** (Fermented Liquor) ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုလိုသည်၊ ယင်းစကားရပ်တွင် လှော်စာရည်၊ ခေါင်ရည်တို့လည်း ပါဝင်သည်၊

(ဍ) **သောက်ပျော်သောအရက်** (Potable Alcoholic Liquor)ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိ ပျက် အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်၊

(ဎ) **မူလသတ္တိပျက်** အရက်ဆိုသည်မှာ လူအများသောက်သုံးရန် မသင့်သော ပြုပြင်ထားသည့် အရက်ကိုဆိုသည်၊

(ဏ) **ထုတ်လုပ်ခြင်း** ဆိုသည့်စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ရရှိစေရန် သို့မဟုတ် ထွက်ရှိစေရန် စီမံ ပြုလုပ်ခြင်းကိုဆိုသည်၊ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းလည်း ပါဝင်သည်၊

(၂) ပြန်လည် ပေါင်းခံခြင်း (Redistillation)၊

(၃) အရက်ပြန်ပါဝင်သည့်အရက်ကိုပြုပြင်ပေါင်းစပ်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း၊

(တ) **ယစ်မျိုးဝင်ကုန်ပစ္စည်းများ** (Excisable Goods) ဆိုသည်မှာဤဥပဒေပုဒ်မ ၄ ပါယစ်မျိုးခွန် နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသောကုန်ပစ္စည်းများကိုဆိုသည်။

(ထ) **ယစ်မျိုးသက်ဝင်ပစ္စည်းဆိုသည်မှာ**(Excisable Article) ဆိုသည်မှာ ယစ်မျိုးဝင်ကုန်ပစ္စည်းများ (Excisable Goods) အပါအဝင် ဤဥပဒေအရ သတ်မှတ်သောအရက် (Alcoholic Liquor)သို့မဟုတ် မူးယစ်စေတတ်သောဆေးဝါးများ (Intoxicating Drug) ကိုဆိုသည်၊

(ဒ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု** (Retail and Whole Sale) ဆိုသည်မှာ ချက်အရက် ဖြစ်လျှင် ၁ ကွပ်၊ တည်အရက်ဖြစ်လျှင် ၄ ကွပ်၊ နိုင်ငံခြားအရက်ဖြစ်လျှင် ၁၂ ကွပ်

တထိရောင်းချခြင်းကို လက်လီရောင်းချခြင်းဟုလည်းကောင်း၊ ယင်းအရေအတွက်များထက် ပိုမိုရောင်းချခြင်းကို လက်ကားရောင်းချခြင်းဟု လည်းကောင်း ဆိုသည်၊

(ဓ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုမိန့်ကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အရက်သေစာသောက်စားသည့် အလေ့အကျင့် ပြန့်ပွားမှုနှင့် အားပေးမှုတို့ မရှိစေရန်၊

(ခ) အရက်သေစာ ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ချက်လုပ်မှု၊ ထုတ်လုပ်မှု၊ ရောင်းချမှုမရှိစေရန်၊

(ဂ) အခွန်စည်းကြပ်ကောက်ခံခြင်းသည် အရက်သေစာသောက်စားမှုလျော့ပါးစေရန်နှင့် ပြည်နယ်၏ ရသင့်ရထိုက်သော အခွန်ငွေရရှိစေရန်။

## အခန်း(၃)

## ယစ်မျိုးခွန် နှုန်းထားများ သတ်မှတ်ခြင်း

ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပြည်နယ်အတွင်း ယစ်မျိုးလုပ်ငန်း အမျိုးအစားအလိုက် စည်းကြပ်ကောက်ခံရမည့် ယစ်မျိုးခွန်နှုန်းထားကိုအောက်ပါအတိုင်း သတ်မှတ်သည် -

| လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် | | ကောက်ခံမည့်နှုန်းထား(ကျပ်) |
|---|---|---|---|
| D1 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့်ချက်လုပ်ခွင့်လိုင်စင်၊ ထုတ်လုပ်မှု ဂါလံ/(၁)ရက် | | |
| | ၅၀-၅၀၀ | - | ၁၅၀၀၀၀၀ |
| | ၅၀၀-၁၀၀၀ | - | ၃၀၀၀၀၀၀ |
| | ၁၀၀၀ အထက် | - | ၅၀၀၀၀၀၀ |
| D2 | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | - | ၂၀၀၀၀၀ |
| W1 | ဝိုင်အရက်များထုတ်လုပ်ခွင့်လိုင်စင် | - | ၂၀၀၀၀ |
| FL4 | ပြည်ပမှတင်သွင်းလာသောနိုင်ငံခြား အရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်လိုင်စင် | - | ၃၀၀၀၀၀ |

| | | | |
|---|---|---|---|
| FL5 | နိုင်ငံခြားအရက်ပြင်း(Foreign Spirit)ကိုပုလင်းသွတ်ခွင့် လိုင်စင် | - | ၃၀၀၀၀၀ |
| FL6 | ပြည်တွင်းရှိ အရက်ချက်စက်ရုံမှ ထုတ်လုပ်သောနိုင်ငံခြား အရက်ပြင်း(Foreign Spirit) ကိုလက်ကားရောင်းချခွင့် လိုင်စင် | - | ၁၆၀၀၀၀၀ |
| B1 | ဗီယာစက်ရုံ(Brewery)ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့် လိုင်စင်၊ ထုတ်လုပ်မှု ဂါလံ/(၁)ရက် | | |
| | ၅၀-၅၀၀ | - | ၁၀၀၀၀၀၀ |
| | ၅၀၀-၁၀၀၀ | - | ၁၅၀၀၀၀၀ |
| | ၁၀၀၀ အထက် | - | ၂၅၀၀၀၀၀ |
| B2 | ဗီယာစက်ရုံ(Brewery)ပိုင်ဆိုင်ခွင့်သာရရှိပြီး ချက်လုပ် ခွင့်မရှိသည့် လိုင်စင် | - | ၃၀၀၀၀၀ |
| FL8 | မြန်မာပြည်တွင်းရှိ ဗီယာစက်ရုံ(Brewery)မှ ထုတ်လုပ် သောဗီယာများကို လက်ကားရောင်းချခွင့် လိုင်စင် | - | ၂၀၀၀၀၀၀ |
| FL9 | မြန်မာပြည်တွင်းရှိ ဗီယာစက်ရုံ(Brewery)မှ ထုတ်လုပ် သောဗီယာများကို ဆိုင်ဖွင့်၍ ဥပစာအတွင်းသောက်သုံး ရန် သို့မဟုတ် ဥပစာပြင်ပသို့ယူဆောင်ရန်လက်လီ ရောင်းချ ခွင့်လိုင်စင် | - | ၈၀၀၀၀၀ |
| FL11 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကို လက်ကားရောင်းချခွင့် လိုင်စင် | - | ၁၀၀၀၀၀၀ |
| FL-12 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကိုကုန်စုံဆိုင်တွင်လက်လီလက်ကား ရောင်းချခွင့် ရှိပြီးဆိုင်ဥပစာအတွင်းသောက်သုံးခွင့် မရှိသည့် လိုင်စင် | - | ၅၀၀၀၀၀ |
| FL15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကိုဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ပိုင်ရှင် သို့မဟုတ် မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီ ရောင်းချခွင့် လိုင်စင် | - | ၁၅၀၀၀၀၀ |

w)4

| | | | |
|---|---|---|---|
| FL16 | နိုင်ငံခြားအရက်များ(Foreign Alcoholic Liquor)ကိုကလပ်ဥပစာအတွင်းသောက် သုံးရန် ကလပ်ပိုင်ရှင်ကဆိုင်ဖွင့်၍လက်လီရောင်းချခွင့် လိုင်စင် | - | ၈၀၀၀၀၀ |
| FL17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor)ကို ဟိုတယ်နှင့်နားနေခန်းဥပစာ အတွင်း သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် ဟိုတယ် မန်နေဂျာကကောင်တာ ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | - | ၁၂၀၀၀၀၀ |
| FL21 | နိုင်ငံခြားအရက်များ (Foreign alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့် ခရီးသည် များ သင်္ဘောပေါ်တွင် သောက်သုံး ရန် သင်္ဘောမာလိန်မှူး သို့မဟုတ် ဘဏ္ဍာစိုး က ကောင်တာဖွင့်၍ လက်လီ ရောင်းချခွင့်လိုင်စင် | - | ၆၀၀၀၀၀ |
| FL23 | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပြန် ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင် သောဝိုင်နှင့်အလားတူ ဖျော်ရည်များကို ဆေးဆရာ သို့မဟုတ် ကုန်စုံဆိုင်ပိုင်ရှင် ကရောင်းချခွင့် လိုင်စင် | - | ၁၀၀၀၀ |
| FL24 | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်း(Rectified Foreign Spirit)ကို ဆေးဆရာများက ရောင်းချခွင့် လိုင်စင် | - | ၁၀၀၀၀ |
| FL2C | သန့်စင်ပြီးသော အရက်ပြန်များကို သိုလှောင် သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်း နှင့်အခြားအရက်ပြန်ပါဝင်သည့် ဆေးဝါးများထုတ်လုပ် နိုင်ရန်ကုန်ပစ္စည်းသိုလှောင်ရုံဆောက်လုပ်ခွင့် လိုင်စင် | - | ၅၀၀၀၀ |
| FL2D | အရက်ပြန်ပါဝင်သည့်ဆေးဝါးများကို မြန်မာ့ဆေးဆရာ များကထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့်ရောင်းချ ခွင့်လိုင်စင် | - | ၁၀၀၀၀ |
| Y1 | တဆေးများထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | - | ၂၀၀၀၀၀ |
| Y2 | တဆေးများ ရောင်းချခွင့်လိုင်စင် | - | ၂၀၀၀၀၀ |

| | | |
|---|---|---|
| D1A | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်နှင့် ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့် နှင့် လိုင်စင်ရရောင်းချသူများကိုသာ လက်ကားရောင်းချခွင့် လိုင်စင် | - ၂၀၀၀၀၀၀ |
| CS2A | ဖိုထွက်ချက်အရက်ကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်း ဥပစာအတွင်း သောက်သုံးရန်ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | - ၁၅၀၀၀၀ |
| CFL2A | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်း ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | - ၅၀၀၀၀ |

(ခ) ပုဒ်မခွဲ(က)ပါ ယစ်မျိုးခွန်နှုန်းထားများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

။ ဝန်ကြီး၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းသည့် ပြည်နယ်အုပ်ချုပ်ရေးမှူးက ကြီးကြပ်ပြီး သက်ဆိုင်ရာ ခရိုင်နှင့် နယ်အုပ်ချုပ်ရေးမှူးပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့က အောက်တွင်ဖော်ပြထားသော ယစ်မျိုးလိုင်စင်အမျိုး စားများကို လေလံတင်ရောင်းချရမည် -

**လေလံတင်ရောင်းချမည့် ယစ်မျိုးလိုင်စင်အမျိုးအစား**

| လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် |
|---|---|
| CFL-1 | ထန်းရည်၊ ဓနိရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် |
| CFL-2 | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor)ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် |
| CS-1 | မြန်မာပြည်အတွင်းရှိ အရက်စက်ရုံများမှ ထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင် |

CS-2 အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်ချက်အရက် (Country Spirit)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန်လက်လီရောင်းချခွင့် လိုင်စင်

CS-3 မြန်မာပြည်အတွင်းရှိ အရက်ဖိုများမှ ထုတ်လုပ်သော ဖိုထွက်အရက် (Country Spirit)ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပ သို့ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်

FL-10 ဗျစ်ရည်ခေါ်(Ale.Stout.porter)ကိုဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်

CFL-2 A ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor )နှင့်ဖိုထွက်အရက် (Country Spirit)ကိုထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဆိုင်၏ပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့် လိုင်စင်

။ လုပ်ငန်းလိုင်စင်ရရှိသူသည် ယစ်မျိုးလုပ်ငန်း အမျိုးအစားအလိုက် လိုင်စင်ခများနှင့် လေလံကြေးငွေများကို အောက်ပါအတိုင်း ပေးဆောင်ရမည် -

(က) စည်းကြပ်သည့် ယစ်မျိုးခွန်သည် ကျပ် တစ်ဆယ်သိန်းအထိဖြစ်လျှင် လိုင်စင် သို့မဟုတ် လေလံခွင့် ပြုသည့် နေ့တွင် အပြေအကြေပေးဆောင်ရမည်၊

(ခ) စည်းကြပ်သည့် ယစ်မျိုးခွန်သည် ကျပ် တစ်ဆယ်သိန်းအထက်ဖြစ်ပြီး ကျပ်နှစ်ဆယ်သိန်းအထိ ဖြစ်လျှင် လိုင်စင် သို့မဟုတ် လေလံခွင့်ပြုသည့်နေ့တွင် ငွေကျပ်တစ်ဆယ်သိန်းကိုလည်းကောင်း၊ ကျန်အခွန်ငွေကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လ ကုန်ဆုံးမည့်နေ့ မတိုင်မီတွင် လည်းကောင်း အပြေအကြေပေးဆောင်ရမည်၊

(ဂ) စည်းကြပ်သည့် ယစ်မျိုးခွန်သည် ကျပ်နှစ်ဆယ်သိန်းအထက်ဖြစ်လျှင် လိုင်စင်သို့မဟုတ် လေလံခွင့် ပြုသည့်နေ့တွင် စည်းကြပ်ခွန်၏ ထက်ဝက်ကိုလည်းကောင်း၊ ကျန်အခွန်ငွေကို သက်ဆိုင်ရာဘဏ္ဍာ ရေးနှစ်၏ ပထမခြောက်လ ကုန်ဆုံးသည့်နေ့မတိုင်မီတွင်လည်းကောင်း အပြေအကြေ ပေးဆောင် ရမည်။

## အခန်း(၄)

## အထွေထွေ

၇။ ဝန်ကြီး၏ကြီးကြပ်မှုဖြင့်ပြည်နယ်အုပ်ချုပ်ရေးမှူးသည်ယစ်မျိုးခွန်စည်းကြပ်ကောက်ခံခြင်းကို တာဝန်ယူဆောင်ရွက်ရမည်။

၈။ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ယစ်မျိုးခွန်စည်းကြပ် ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ မိမိလက်အောက်ရှိခရိုင် သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်များ စည်းကြပ်ကောက်ခံရာတွင် -

(က) လုပ်ငန်းလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော ယစ်မျိုးခွန်ကို ပေးသွင်းရန် ပျက်ကွက်လျှင် ကော်လိတ္တော်အရာရှိသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်၊

(ခ) သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများအား ကော်လိတ္တော်အရာရှိများအဖြစ် သတ်မှတ်သည်။

၁၀။ မြန်မာနိုင်ငံယစ်မျိုးဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်ပါက နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်ပါက လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များကို လည်းကောင်း ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးသည်လိုအပ်ပါက အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ

ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ)ဇော်မင်း

ပြည်နယ်ဝန်ကြီးချုပ်

ကရင်ပြည်နယ်အစိုးရအဖွဲ့